FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အဖွဲ့အစည်းအချိန်စည်းမျဉ်းများ(ကိုယ်ထည်)

## Institute Time Clauses – Hulls

### ၁။ ခုတ်မောင်းခြင်း (navigation)

၁.၁ အချိန်တိုင်းတွင် ရေယာဉ်သည် ဤအာမခံ၏စည်းမျဉ်းများနှင့်အညီ အာမခံထားရှိပြီးဖြစ်သည့်အပြင် ၎င်းသည် ရေကြောင်းပြ (Pilots) များပါရှိလျက်ဖြစ်စေ၊ မပါရှိဘဲဖြစ်စေ ခုတ်မောင်းခြင်း၊ စမ်းသပ်ခုတ်မောင်း သောခရီးများကိုသွားရောက်ခြင်းနှင့် အကူအညီလိုအပ်သည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော ရေယာဉ်များကို ကူညီခြင်း၊ ဆွဲယူခြင်းများကိုလည်း ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် ဆွဲရိုးဆွဲစဉ် (ထုံးစံ)အတိုင်း အာမခံထားရှိသည့် ရေယာဉ်ဆွဲယူခြင်း သို့မဟုတ် အကူအညီလိုအပ်သဖြင့် ပထမဆုံး အန္တရာယ်ကင်းသည့် ဆိပ်ကမ်း သို့မဟုတ် ဒေသသို့ ရေယာဉ်အားဆွဲယူခြင်း သို့မဟုတ် အာမခံထားများနှင့် သို့မဟုတ် ပိုင်ရှင်များနှင့် သို့မဟုတ် မန်နေဂျာ များနှင့် သို့မဟုတ် ရေယာဉ်ငှားရမ်းသူများ ယခင်ကချုပ်ဆိုထားသည့်ပဋိညာဉ်အရ အခြားရေယာဉ်ကို ဆွဲယူ ခြင်း သို့မဟုတ် ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခြင်းမှအပ ရေယာဉ်အားမဆွဲယူရ။ ဤစည်းမျဉ်း (၁.၁)က ကုန်တင်ခြင်း၊ ကုန်ချခြင်းနှင့် စပ်လျဉ်းပြီး ဆွဲရိုးဆွဲစဉ်အတိုင်းဆွဲယူခြင်းကို အာမခံအကာအကွယ်၌ မပါဝင်ဟု မပြဋ္ဌာန်းရ။

၁.၂ ပင်လယ်တွင်(ဆိပ်ကမ်း သို့မဟုတ် ဆိပ်ကမ်းအတွင်း ရေယာဉ်မဟုတ်သော) အခြားရေယာဉ်သို့ ကုန်တင်ခြင်း၊ ယင်းမှ ကုန်ချခြင်းပါဝင်သည့်ကုန်သွယ်ရေးလုပ်ငန်းများ၌ ရေယာဉ်ကိုအသုံးပြုပါက အကယ်၍ ထိုကဲ့သို့ ရေယာဉ်ကိုအသုံးပြုမည့်အကြောင်းကို အာမခံကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားထားခဲ့ပြီး ယင်းကတောင်းဆိုသော ပြင်ဆင်ထားသည့်အာမခံစည်းမျဉ်းများနှင့် အပိုပရီမီယံ ထပ်ဆောင်းပေးဆောင်ရန်တို့ကို သဘောမတူညီခဲ့လျှင် အခြားရေယာဉ်သို့ ချဉ်းကပ်ခြင်း၊ ယင်းရေယာဉ်နှင့် ဘေးချင်းယှဉ်ရပ်ထားခြင်းနှင့် ထွက်ခွာခြင်း အပါအဝင် ထိုကဲ့သို့ကုန်တင်ခြင်း၊ ကုန်ချခြင်းကြောင့် ဖြစ်ပေါ်သည့် ရေယာဉ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် အခြားမည့်သည့် ရေယာဉ် သို့မဆို တာဝန်ရှိခြင်းများအတွက် ဤအာမခံအရ လျော်ကြေးမရရှိနိုင်ပါ။

၁.၃ ရေယာဉ်အား (က) ထုခွဲ (Break-up)ရန် သို့မဟုတ် (ခ) ထုခွဲခြင်းအလို့ငှာ ရောင်းချရန်ရည်ရွယ်ချက်ဖြင့် (ကုန်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) ရေယာဉ်ကို ခုတ်မောင်းသွားလာသည့်ကိစ္စတွင် အကယ်၍ အာမခံ ကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားထားခဲ့ပြီး ယင်းကတောင်းဆိုသော အာမခံအကာအကွယ်၊ အာမခံထားငွေ နှင့် ပရီမီယံများအားပြင်ဆင်သော မည်သည့်ပြင်ဆင်ချက်များကိုမဆို သဘောတူခဲ့ပြီး မဟုတ်လျှင် ထိုကဲ့သို့ ခုတ်မောင်းသွားပြီးနောက်မှဖြစ်ပွားသော ရေယာဉ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် မည်သည့်လျော်ကြေးကိုမဆို ရေယာဉ်ဆုံးရှုံး သို့မဟုတ် ပျက်စီးချိန်ရှိ ရေယာဉ်၏ သံတိုသံစ(Scrap) ကာလပေါက်ဈေး အတိုင်းသာ ပေးလျော်မည်ဖြစ်သည်။ ဤစည်းမျဉ်း(၁.၃)ပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ စည်းမျဉ်း(၈)နှင့် သို့မဟုတ် (၁၁)အရ ပေးလျော်သောလျော်ကြေးများအား မထိခိုက်စေရ။

**၂။ အာမခံဆက်လက်တည်မြဲခြင်း (Continuation)**

ဤအာမခံသက်တမ်းကုန်ဆုံးချိန်တွင် ရေယာဉ်သည် ဒုက္ခရောက်နေလျှင်သော်လည်းကောင်း သို့မဟုတ် ပင်လယ် သို့မဟုတ် ခိုလှုံရာ သို့မဟုတ် ဆိုက်ကပ်နေကျဆိပ်ကမ်း၌ ရောက်ရှိနေလျှင်သော်လည်းကောင်း၊ အကယ်၍ အာမခံကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားထားခဲ့လျှင် ရေယာဉ်သည် ဦးတည်ရာဆိပ်ကမ်းရောက်သည်အထိ တစ်လအချိုးကျပရီမီယံနှုန်းဖြင့် အာမခံဆက်လက်တည်မြဲနေရမည်။

**၃။ ဝရန်တီကို ချိုးဖောက်ခြင်း (Breach of Warranty)**

ကုန်၊ ကုန်သွယ်ခြင်း (trade)၊ ဒေသ (Locality)၊ ဆွဲယူခြင်း (Towage)၊ ဆယ်ယူခြင်းဝန်ဆောင်မှုများ (Salvage Service) သို့မဟုတ် ရေယာဉ်ထွက်ခဲ့သည့်ရက်နှင့်စပ်လျဉ်း၍ ဝရန်တီချိုးဖောက်မှုတစ်စုံတစ်ရာရှိခဲ့လျှင် အကယ်၍ အကြောင်းကြားခြင်းများကိုရရှိပြီးနောက် ချက်ချင်းအာမခံကုမ္ပဏီသို့ အကြောင်းကြားခဲ့ပြီး ယင်းက တောင်းဆိုသော မည်သည့်ပြင်ဆင်ပြီးအာမခံစည်းမျဉ်းများနှင့် မည်သည့်အပိုပရီမီယံကိုမဆို သဘောတူညီပြီးဖြစ် အာမခံဆက်လက်တည်မြဲမည်။

**၄။ ရပ်ဆိုင်းခြင်း (Termination)**

ဤအာမခံ၌ပါရှိသည့် လက်ရေးဖြင့်ရေးသား၊ လက်နှိပ်စက်ရိုက် သို့မဟုတ် ပုံနှိပ်ထားသောပြဋ္ဌာန်းချက်တစ်စုံတစ်ရာနှင့် မကိုက်ညီ၊ မညီညွတ်သည်ဖြစ်စေ ဤစည်းမျဉ်း (၄)က လွှမ်းမိုးသည်။

အကယ်၍ အာမခံကုမ္ပဏီက ဤအာမခံရပ်ဆိုင်းပါဟု စာဖြင့်ရေးသားသဘောတူမထားလျှင် အောက်ပါဖြစ်စဉ်တစ်ခုခုဖြစ်ချိန်၌ ဤအာမခံကုမ္ပဏီသည် အလိုအလျောက်ရပ်ဆိုင်းသွားရမည်။

၄.၁ ရေယာဉ်၏ ရေယာဉ်အမျိုးအစားအသင်း (Classification Society) ပြောင်းလွဲခြင်း သို့မဟုတ် ထိုအသင်းရှိ ရေယာဉ်အမျိုးအစားအားပြောင်းလွဲခြင်း၊ရပ်ဆိုင်းခြင်း၊သက်တမ်းမဆက်တော့ခြင်း၊ရုတ်သိမ်းခြင်း(Withdrawal) သို့မဟုတ် သက်တမ်းကုန်ဆုံးခြင်း၊ အကယ်၍ရေယာဉ်သည် ပင်လယ်၌ရောက်ရှိနေပါက ထိုကဲ့သို့အလိုအလျောက်ရပ်ဆိုင်းခြင်းမှာ ရေယာဉ်နောက်ဆိပ်ကမ်းတစ်ခုခုသို့ရောက်ရှိသည်အထိ ရွှေ့ဆိုင်းသွားရမည်။ သို့ရာတွင် ယင်းရေယာဉ်အမျိုးအစားပြောင်းလွဲခြင်း၊ ရပ်ဆိုင်းခြင်း၊ သက်တမ်းမဆက်တော့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းမှာ ဤအာမခံစည်းမျဉ်း(၄)က တာဝန်ယူပေးလျော်သော သို့မဟုတ် လက်ရှိအဖွဲ့အစည်း စစ်နှင့်သပိတ်များ၊ စည်းမျဉ်းများ၊ ကိုယ်ထည်များအချိန် (Institute War and Strikes Clauses – Hulls – Time) နှင့်အညီ ရေယာဉ်ကို အာမခံသည့်အာမခံတစ်ရပ်ရပ်က တာဝန်ယူပေးလျော်မည့် ရေယာဉ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့်ဖြစ်ခဲ့လျှင် ရေယာဉ်သည် ရေယာဉ်အမျိုးအစားအသင်း၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နောက်ဆိပ်ကမ်းမှထွက်ခွာမှသာ အဆိုပါအလိုအလျောက် အာမခံရပ်ဆိုင်းမည်ဖြစ်သည်။

၄.၂ ဆန္ဒအလျောက်မဟုတ်ဘဲ ယာဉ်ပိုင်ဆိုင်မှု သို့မဟုတ် အလံပြောင်းလွဲခြင်း၊ အုပ်ချုပ်မှုအသစ်သို့ ပြောင်းလွဲခြင်း၊ ကပ္ပတိန်၊ အရာရှိများနှင့် သင်္ဘောသားများမပါရှိဘဲ ရေယာဉ်သက်သက်ကို ငှားရမ်းခြင်း၊ ရေယာဉ်ကို အသုံးပြုရန် သို့မဟုတ် ပိုင်ဆိုင်ခွင့် (Title)ကိစ္စအတွက် ရေယာဉ်ကိုချော်ဆွဲခြင်း အကယ်၍ရေယာဉ်ပေါ်၌ကုန်ရှိ

နေကာ ကုန်တင်သည့်ဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီးလျှင်သော်လည်းကောင်း၊ ပင်လယ်၌ ကုန်မပါရှိဘဲရောက်ရှိနေလျှင်သော်လည်းကောင်း၊ ရေယာဉ်ပေါ်၌ကုန်ပါလျှင် မူလရည်ရွယ်သည့်ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာလာပြီး ကုန်ချသည့်ဆိပ်ကမ်းသို့ သို့မဟုတ် ကုန်မပါလျှင်ရေယာဉ်ခရီးဆုံးသို့ရောက်သည်အထိလိုအပ်ပါက အဆိုပါအလိုအလျောက် အာမခံရပ်ဆိုင်းခြင်းအား ရွှေ့ဆိုင်းရမည်ဖြစ်သည်။ သို့ရာတွင် အာမခံထားသူနှင့် သဘောတူညီကြောင်း ကြိုတင်စာချုပ်ချုပ်မထားဘဲ ရေယာဉ်ကိုအသုံးပြုရန် သို့မဟုတ် ပိုင်ဆိုင်ခွင့်ကိစ္စအတွက် ချောဆွဲခြင်းကိစ္စတွင် ရေယာဉ်သည် ပင်လယ်၌ရှိသည်ဖြစ်စေ၊ ဆိပ်ကမ်းတွင်ရှိသည်ဖြစ်စေ ချောဆွဲပြီးနောက် (၁၅)ရက် တွင် အာမခံအလိုအလျောက် ရပ်ဆိုင်းရမည်။ ရက်နှုန်းဖြင့် အချိုးကျအသားတင်ပရီမီယံကို ပြန်အမ်းရမည်။

၅။ **လွှဲပြောင်းပေးခြင်း (Assignment)**

အကယ်၍ အာမခံထားသူနှင့် ထပ်မံလွှဲပြောင်းသည့်ကိစ္စတွင် လွှဲပြောင်းပေးသူတို့ ရက်စွဲတပ်လက်မှတ်ရေးထိုးထားသော ဤအာမခံကို လွှဲပြောင်းပေးကြောင်း သို့မဟုတ် ဤအာမခံနှင့် သို့မဟုတ် ဤအာမခံအရ ပေးချေကောင်းပေးချေရမည့် ငွေကြေးများနှင့်သက်ဆိုင်ပတ်သက်မှု (Interest) ရှိကြောင်း အကြောင်းကြားခြင်းကို ပေါ်လစီတွင် ပြင်ဆင်ချက်ပြုလုပ်ထားပြီး၊ လျော်ကြေး သို့မဟုတ် ပရီမီယံပြန်အမ်းငွေ တစ်ရပ်ရပ်မပေးချေရသေးမီ ယင်းပြင်ဆင်ချက်ပါရှိသည့် ပေါ်လစီအားမတင်ပြပါလျှင် အဆိုပါလွှဲပြောင်းပေးခြင်း သို့မဟုတ် သက်ဆိုင်ပတ်သက်မှုအား အာမခံကုမ္ပဏီက လိုက်နာရန်တာဝန်ရှိလိမ့်မည်မဟုတ်သကဲ့သို့ အသိအမှတ်ပြုမည်လည်း မဟုတ်ပါ။

၆။ **အန္တရာယ်များ (Perils)**

၆.၁ အောက်ဖော်ပြပါ အန္တရာယ်များကြောင့် ရေယာဉ် (အာမခံထားသည့်အကြောင်းအရာ - Subject – matter of insurance) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဤအာမခံက တာဝန်ယူလျော်ကြေးပေးသည်-

- ၆.၁.၁ ပင်လယ်များ၊ မြစ်များ၊ ရေကန်များ သို့မဟုတ် ရေယာဉ်ခုတ်မောင်းနိုင်သော အခြားရေများ၏ အန္တရာယ်များ
- ၆.၁.၂ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း
- ၆.၁.၃ ရေယာဉ်ပြင်ပမှ ပုဂ္ဂိုလ်များက ပြင်းထန်စွာခိုးယူခြင်း(ဓားပြတိုက်ခြင်း)
- ၆.၁.၄ ရေယာဉ်ပေါ်မှပစ္စည်းများ ရေထဲသို့ပစ်ချခြင်း (jettison)
- ၆.၁.၅ ပင်လယ်ဓားပြတိုက်ခြင်း
- ၆.၁.၆ အနုမြူအဆောက်အအုံများ သို့မဟုတ် ရီအက်တာ(Reactors)များ ရပ်ဆိုင်းခြင်း သို့မဟုတ် မတော်တဆဖြစ်ခြင်း
- ၆.၁.၇ လေယာဉ်များ သို့မဟုတ် အလားတူပစ္စည်းများ သို့မဟုတ် ယင်းတို့မှအောက်သို့ကျသည့် ပစ္စည်းများ၊ ကုန်းယာဉ်များ၊ ရေယာဉ်ကုန်တင်ကုန်ချဆိပ်ကမ်း သို့မဟုတ် ဆိပ်ကမ်းစက်ကိရိယာများ သို့မဟုတ် ဆိပ်ကမ်းအဆောက်အအုံများနှင့် ထိခိုက်မိခြင်း
- ၆.၁.၈ လျှပ်စီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် မိုးကြိုးပစ်ခြင်း

၆.၂ အောက်ပါများကြောင့် ရေယာဉ် (အာမခံထားသည့်အကြောင်းအရာ) ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဤအာမခံက တာဝန်ယူလျော်ကြေးပေးသည် -

၆.၂.၁ ကုန်တင်၊ ကုန်ချရာ၌ မတော်တဆဖြစ်မှုများ သို့မဟုတ် ကုန် သို့မဟုတ် လောင်စာ(Fuel) နေရာရွှေ့ခြင်း

၆.၂.၂ ဘွိုင်လာများ ပေါက်ကွဲခြင်း၊ အချောင်းများ(Shafts)ကြိုးပဲ့ခြင်းကို သို့မဟုတ် စက်ကိရိယာများ သို့မဟုတ် ကိုယ်ထည်၌မသိရှိခဲ့သည့် မူလချွတ်ယွင်းမှုတစ်စုံတစ်ရာရှိနေခြင်း (Latent defect)

၆.၂.၃ ကပ္ပတိန် (Master)၊ အရာရှိများ သင်္ဘောများ သို့မဟုတ် ရေကြောင်းပြများ ပေါ့ဆခြင်း

၆.၂.၄ ပြင်ဆင်သူများ သို့မဟုတ် ရေယာဉ်ငှားရမ်းသူများ၏ ပေါ့ဆခြင်း၊ ၎င်းတို့မှာ ဤအာမခံအရ အာမခံထားသူတစ်ဦးမဖြစ်စေရ

၆.၂.၅ ကပ္ပတိန်၊ အရာရှိများ သို့မဟုတ် သင်္ဘောသားများက ရေယာဉ်ပိုင်ရှင်များ သို့မဟုတ် ငှားရမ်းသူများ ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်ခြင်း(Barratry)

အထက်ဖော်ပြပါ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှာ အာမခံထားသူများ၊ ပိုင်ရှင်များ သို့မဟုတ် မန်နေဂျာများက စိုက်ထုတ်သင့်သလောက် လုံ့လဝီရိယမစိုက်ထုတ်ခြင်းကြောင့် မဖြစ်စေရ။

၆.၃ အကယ်၍ ကပ္ပတိန်၊ အရာရှိများ သင်္ဘောသားများ သို့မဟုတ် ရေကြောင်းပြများသည် ရေယာဉ်တွင် အစုရှယ်ယာပါဝင်နေလျှင် ဤစည်းမျဉ်း(၆)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ၎င်းတို့အား ပိုင်ရှင်များဟု မမှတ်ယူရ။

## ၇။ ညစ်ညမ်းခြင်းအန္တရာယ် (Pollution Hazard)

ဤအာမခံအရ ကုမ္ပဏီကတာဝန်ရှိသည့် ရေယာဉ်ပျက်စီးခြင်းကြောင့် တိုက်ရိုက်ဖြစ်ပေါ်သော ရေယာဉ်၏ ညစ်ညမ်းခြင်းအန္တရာယ် သို့မဟုတ် ခြိမ်းခြောက်မှုမပေါ်ပေါက်စေရန် သို့မဟုတ် လျော့နည်းသွားစေရန်အတွက် မိမိ၏ လုပ်ပိုင်ခွင့်များကိုအသုံးပြုဆောင်ရွက်သည့် အစိုးရအာဏာပိုင်တစ်ရပ်ရပ်ကြောင့် ရေယာဉ်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို ဤအာမခံက တာဝန်ယူလျော်ကြေးပေးသည်။ သို့ရာတွင် ယင်းအစိုးရအာဏာပိုင်၏ ဆောင်ရွက်မှုများ ရေယာဉ်၏ အာမခံထားသူများ၊ ပိုင်ရှင်များ သို့မဟုတ် မန်နေဂျာများ သို့မဟုတ် ၎င်းတို့ တစ်ဦးဦးက အဆိုပါညစ်ညမ်းခြင်းအန္တရာယ် သို့မဟုတ် ခြိမ်းခြောက်မှုမပေါ်ပေါက် သို့မဟုတ် လျော့နည်းသွားစေရန်အတွက် စိုက်ထုတ်သင့်သသလောက် လုံ့လဝီရိယမစိုက်ထုတ်ခြင်းကြောင့် မဖြစ်စေရ။ အကယ်၍ ကပ္ပတိန်၊ အရာရှိများ၊ သင်္ဘောသားများ သို့မဟုတ် ရေကြောင်းပြများသည် ရေယာဉ်တွင် အစုရှယ်ယာများ ပါဝင်နေလျှင် ၎င်းတို့အား ဤစည်းမျဉ်း(၇) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပိုင်ရှင်များဟု မမှတ်ယူရ။

## ၈။ ၃/၄ တိုက်မိခြင်းတာဝန်ရှိမှု (3/4 ths collision liability)

၈.၁ အောက်ပါများနှင့်စပ်လျဉ်း၍ အခြားမည်သူ သို့မဟုတ် မည်သူများသို့မဆို အာမခံထားသူက တရားဥပဒေနှင့်အညီ လျော်ကြေးပေးလျော်ရန်တာဝန်ရှိလာပြီး ငွေကြေး သို့မဟုတ် ငွေကြေးများ ပေးချေရလျှင်

အာမခံကုမ္ပဏီက အာမခံထားသူအား ယင်းငွေကြေး သို့မဟုတ် ငွေကြေးများ၏ ၃/၄ ကို ပေးလျော်ရန် သဘောတူညီသည် -

၈.၁.၁ အခြားရေယာဉ်တစ်စင်းစင်း သို့မဟုတ် အခြားရေယာဉ်တစ်စင်းစင်းပေါ်ရှိ ပစ္စည်းဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း

၈.၁.၂ အဆိုပါ အခြားရေယာဉ် သို့မဟုတ် ယင်းရေယာဉ်ပေါ်ရှ ပစ္စည်းကို နှောင့်နှေးစေခြင်း သို့မဟုတ် အသုံးမပြုနိုင်တော့ခြင်း

၈.၁.၃ အဆိုပါ အခြားရေယာဉ်တစ်စင်းစင်း သို့မဟုတ် ယင်းရေယာဉ်ပေါ်ရှိပစ္စည်းအတွက် general average, ရိုးရိုးဆယ်ယူခြင်း၊ ပဋိညာဉ်အရဆယ်ယူခြင်း၊ အာမခံထားသည့်ရေယာဉ်နှင့် အခြားရေယာဉ်တစ်စင်းစင်း တိုက်မိခြင်းအကျိုးဆက်ကြောင့် အာမခံထားသူက လျော်ကြေးပေးလျော်ရသည့်ဖြစ်စဉ်များအတွက် ဆိုလိုသည်။

၈.၂ ဤစည်းမျဉ်း(၈)က ပေးလျော်သည့်လျော်ကြေးမှာ ဤအာမခံ၏ အခြားစည်းမျဉ်းများအရ ပေးလျော်သောလျော်ကြေးအပြင် အပိုသီးခြားပေးလျော်ခြင်းဖြစ်ပြီး အောက်ဖော်ပြပါ စည်းကမ်းများနှင့်လည်း ညီညွတ်ရမည်ဖြစ်သည်။

၈.၂.၁ အကယ်၍ အာမခံထားသောရေယာဉ်သည် အခြားရေယာဉ်တစ်စင်းနှင့်တိုက်မိကာ ရေယာဉ်(၂)စင်းလုံးတွင်အပြစ်ရှိပြီး ထိုရေယာဉ်တစ်စင်း သို့မဟုတ်(၂)စင်းစလုံး၏ တာဝန်ရှိမှုကို ဥပဒေက ကန့်သတ်မထားလျှင် ဤစည်းမျဉ်း(၈)အရ သက်ဆိုင်ရာပိုင်ရှင်အသီးသီးက မိမိတို့တာဝန်ရှိသည့် အချိုးကျလျော်ကြေးများကို မဖြစ်မနေအပြန်အလှန် ပေးချေသကဲ့သို့ အပြန်အလှန်တာဝန်ရှိမှုများ(Cross Liabilities)ပေါ်မူတည်၍ တိုက်မိခြင်းအကျိုးဆက်အတွက် အာမခံထားသူအား သို့မဟုတ် ၎င်းကပေးလျော်ရမည့်လက်ကျန်ငွေ သို့မဟုတ် ငွေကြေးတစ်ရပ်ကို တွက်ချက်သတ်မှတ်နိုင်ပြီးဖြစ်သကဲ့သို့ လျော်ကြေးကိုတွက်ချက်ရမည်။

၈.၂.၂ တိုက်မိခြင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ (၈.၁) နှင့် (၈.၂) စည်းမျဉ်းများအရ အာမခံကုမ္ပဏီ၏ စုစုပေါင်းတာဝန်ရှိမှုသည် အာမခံထားသည့်ရေယာဉ်အတွက် အာမခံထားငွေ၏(၃/၄)အပေါ် အချိုးကျတန်ဖိုးထက် မည်သည့်နည်းနှင့်မျှမပိုမိုရ။

၈.၃ အာမခံကုမ္ပဏီ၏ ကြိုတင်စာရေးသဘောတူညီမှုနှင့်အညီ အာမခံထားသူကုန်ကျခဲ့သည့် သို့မဟုတ် တာဝန်ရှိမှုအား လျော့နည်းကန့်သတ်စေရန်အတွက် အာမခံထားသူက တာဝန်ရှိမှုကိုလက်မခံဘဲ ခုခံရာ၌ ကုန်ကျခဲ့ရသည့် တရားစရိတ်များ၏ ၃/၄ကိုလည်း အာမခံကုမ္ပဏီကပေးလျော်မည်။

၈.၄ **အာမခံအကာအကွယ်တွင် အကျုံးမဝင်ခြင်းများ (Exclusions)**

ဤစည်းမျဉ်း(၈)အရ အောက်ပါများအတွက် သို့မဟုတ် အောက်ပါများနှင့်စပ်လျဉ်း၍ အာမခံထားသူ ပေးချေရသည့် မည်သည့်ငွေကြေးကိုမျှ အာမခံကုမ္ပဏီက မပေးလျော်ပါ။

၈.၄.၁ အတားအဆီးများ(obstructions)၊ အပျက်အစီးများ (Wrecks) သို့မဟုတ် ကုန်များနှင့် အခြား မည်သည့်ပစ္စည်းကိုမဆို ရွှေ့ပြောင်းခြင်း (Removal) သို့မဟုတ် ထုခွဲခြင်း (Disposal)

၈.၄.၂ အခြားရေယာဉ်များ သို့မဟုတ် အခြားရေယာဉ်များပေါ်ရှိပစ္စည်းမှအပ မည်သည့်ကိုယ်ပိုင်နှင့် ကိုယ်ပိုင်မဟုတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုမဆို

၈.၄.၃ အာမခံထားသည့် ရေယာဉ်ပေါ်ရှိ ကုန် သို့မဟုတ် အခြားပစ္စည်း သို့မဟုတ် အာမခံထားသော ရေယာဉ်က တာဝန်ယူထားခြင်းများ(engagements)

၈.၄.၄ အသက်ဆုံးရှုံးခြင်း၊ ကိုယ်ခန္ဓာထိခိုက်ခြင်း သို့မဟုတ် မကျန်းမာခြင်း

၈.၄.၅ ကိုယ်ပိုင်နှင့် ကိုယ်ပိုင်မဟုတ်သောပစ္စည်း သို့မဟုတ် အရာဝတ္ထုတစ်ခုခုညစ်ညမ်းခြင်း သို့မဟုတ် ပေကျံခြင်း (အာမခံထားသောရေယာဉ်နှင့်တိုက်မိသည့် အခြားရေယာဉ်များ သို့မဟုတ် ထိုရေယာဉ်ပေါ်ရှိ ပစ္စည်းများမှအပ)

## ၉။ ညီမရေယာဉ် (Sistership)

အကယ်၍ အာမခံထားသည့်ရေယာဉ်သည် ယင်း၏ပိုင်ရှင်များက အပြည့်အဝဖြစ်စေ၊ တစ်ဝက်တစ်ပျက်ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် အုပ်ချုပ်မှုတစ်ရပ်တည်းအောက်၌ရှိသည့် အခြားရေယာဉ်တစ်စင်းနှင့် တိုက်မိလျှင် သော်လည်းကောင်း၊ ထိုရေယာဉ်မှ ဆယ်ယူခြင်းအကူအညီဝန်ဆောင်မှုများကို လက်ခံရယူခဲ့လျှင်သော်လည်း ကောင်း၊ အခြားရေယာဉ်မှာ အာမခံထားသည့်ရေယာဉ်နှင့် မသက်ဆိုင်မပတ်သက်သော ပိုင်ရှင်များက လုံးဝပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ဘိသကဲ့သို့ အာမခံထားသူများသည် မတူညီသောအခွင့်အရေးများကို ရပိုင်ခွင့်ရှိ သည်။ သို့ရာတွင် ထိုကဲ့သို့အဖြစ်အပျက်များ၌ တိုက်မိသည့်တာဝန်ရှိမှု သို့မဟုတ် လက်ခံရရှိသော ဝန်ဆောင်မှု များအတွက် ပေးချေရမည့်အခကြေးငွေကို ဆုံးဖြတ်သတ်မှတ်ရန်အလို့ငှာ အာမခံကုမ္ပဏီနှင့် အာမခံထားသူတို့ သဘောတူရွေးချယ်သည့် တစ်ဦးတည်းသော ခုံလူကြီး (Arbitrator) သို့ တင်ပြအမိန့်နာခံရမည်။

## ၁၀။ လျော်ကြေးနှင့် တင်ဒါများကို အကြောင်းကြားခြင်း (Notice of Claim and Tenders)

၁၀.၁ ဤအာမခံအရ လျော်ကြေးတောင်းခံလာနိုင်သည့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပေါ်စေနိုင် သော မတော်တဆမှုတစ်စုံတစ်ရာဖြစ်ပွားလျှင် စစ်ဆေးခြင်း(Surver)မပြုလုပ်သေးမီ အာမခံကုမ္ပဏီသို့ အကြောင်းကြားရမည်။ အကယ်၍ ရေယာဉ်သည် နိုင်ငံခြားတွင်ရောက်ရှိနေပါက အာမခံကုမ္ပဏီက လိုလားလျှင် အာမခံကုမ္ပဏီကို ကိုယ်စားပြုရန်အတွက် စစ်ဆေးသူ(Surveyor)တစ်ဦး ခန့်ထားနိုင်ရန် အလို့ငှာ အနီးဆုံးလွိုက်စ်(Lloyd's) ကိုယ်စားလှယ်သို့ အကြောင်းကြားရမည်။

၁၀.၂ အာမခံကုမ္ပဏီသည် ရေယာဉ်ဒေါက်တင်ရန်နှင့် ပြင်ဆင်ရန်အတွက် မည်သည့်ဆိပ်ကမ်းသို့ ရေယာဉ်ဆက်လက်ခုတ်မောင်းရမည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်ဖြစ်ပြီး (အာမခံကုမ္ပဏီ၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီဆောင်ရွက်ရာတွင် ခရီးစဉ်အတွက် အမှန်တကယ်ပိုမိုကုန်ကျသောစရိတ်စကကို အာမခံကုမ္ပဏီက အာမခံထားသူသို့ ပြန်အမ်းမည်) ပြင်ဆင်သည့်နေရာ သို့မဟုတ် ပြင်ဆင်သောကုမ္ပဏီနှင့်စပ်လျဉ်း၍လည်း ငြင်းပယ်(Veto)ပိုင်ခွင့်ရှိရမည်။

၁၀.၃ အာမခံကုမ္ပဏီသည် ရေယာဉ်ပြင်ဆင်ရန်အတွက် တင်ဒါများကိုလက်ခံနိုင်သည် သို့မဟုတ် နောက်ထပ်တင်ဒါအသစ်များကို လက်ခံစေနိုင်သည်။ ထိုကဲ့သို့ တင်ဒါကိုလက်ခံခဲ့ပြီး အာမခံကုမ္ပဏီ၏ ခွင့်ပြုချက်နှင့်အညီ တင်ဒါတစ်ခုကို ရွေးချယ်ခဲ့လျှင် အာမခံကုမ္ပဏီက လိုလားသည့်အတိုင်း တင်ဒါများခေါ်ယူ ကာအာမခံကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရရှိပြီးနောက် နှောင့်နှေးမှုမရှိဘဲ တင်ဒါတစ်ခုကို ရွေးချယ်ခဲ့လျှင် တင်ဒါများခေါ်ယူချိန်မှ တင်ဒါတစ်ခုရွေးချယ်ချိန်အထိ တင်ဒါကိစ္စသက်သက်အလို့ငှာ ကုန်ဆုံးခဲ့သောကာလအတွက် အာမခံထားငွေအပေါ် (၁)နှစ် (၃၀)ရာခိုင်နှုန်းဖြင့် ကျသင့်ခွင့်ပြုငွေကို အာမခံထား သူသို့ပေးရမည်။

ထိုတင်ဒါခွင့်ပြုငွေ သို့မဟုတ် ယင်း၏အစိတ်အပိုင်းနှင့်သက်ဆိုင်သောကာလအတွက် General Average ခွင့်ပြုငွေများနှင့် ထိန်းသိမ်းခြင်းနှင့် သို့မဟုတ် အမြတ်ဆုံးရှုံးခြင်းနှင့် သို့မဟုတ် ရေယာဉ်ခုတ်မောင်းခြင်းစရိတ်တို့အတွက် သူတစ်ပါးများထံမှရရှိသောငွေများအပါအဝင် လောင်စာနှင့် စတိုပစ္စည်းများနှင့် ကပ္ပတိန်၊ အရာရှိများနှင့် သင်္ဘောသားများ သို့မဟုတ် ၎င်းတို့အနက်မှ အဖွဲ့ဝင်တစ်ဦးဦးအတွက် လုပ်ခများနှင့် ကုန်ကျငွေများအလို့ငှာ ရရှိသောငွေများကို အထက်ဖော်ပြပါခွင့်ပြုငွေနှင့် ခုနှိမ်ရမည်။

၁၀.၄ ဤစည်းမျဉ်း(၁၀)၏ စည်းကမ်းများနှင့်အညီ မဆောင်ရွက်လျှင် တန်ဖိုးသတ်မှတ်အတည်ပြုပြီးလျော်ကြေးမှ(၁၅)ရာခိုင်နှုန်းကို နှုတ်ရမည်။

## ၁၁။ General Average And Salvage (ဆယ်ယူခြင်း)

၁၁.၁ ရေယာဉ်၏ အာမခံထားငွေလျော့ထားခြင်း(under-insurance)နှင့်အညီ တန်ဖိုးလျော့ထားသည့် ရိုးရိုးဆယ်ယူခြင်း၊ ဆယ်ယူခများနှင့် သို့မဟုတ် General Average တို့၏ အချိုးကျငွေကို ဤအာမခံကတာဝန်ယူပေးလျော်သည်။ သို့ရာတွင် ရေယာဉ်၏ General Average Sacrifice (အနစ်နာခံခြင်း)ကိစ္စ၌ သက်ဆိုင်သူများအားထည့်ဝင်ရန် ဦးစွာမတောင်းဆိုဘဲ အာမခံထားသူအနေဖြင့် ဆုံးရှုံးမှုတန်ဖိုးကို အပြည့်အဝရရှိနိုင်သည်။

၁၁.၂ ရေယာဉ်ငှားရမ်းမှုပဋိညာဉ် (Contact of Affreightment) တွင် General Average အတွက် အထူးစည်းမျဉ်းများမပါရှိသကဲ့သို့ ကုန်သွယ်မှု(Adventure)အဆုံးသတ်သောဒေသ၏ လုပ်ရိုးလုပ်စဉ် (ထုံးစံ) ဥပဒေများနှင့်အညီ General Average ထည့်ဝင်ငွေ(Contribution)ကို ဆုံးဖြတ်သတ်မှတ်ရမည်။

သို့ရာတွင် ရေယာဉ်ငှားရမ်းမှု ပဋိညာဉ်၌ ထည့်ဝင်ငွေဆုံးဖြတ်သတ်မှတ်ခြင်းကို York-Antwerp ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဟုပါရှိလျှင် ယင်းအတိုင်းဆောင်ရွက်ရမည်။

၁၁.၃ ရေယာဉ်သည် ကုန်မပါ၊ ငှားရမ်းခြင်းမရှိသေးမီ ခုတ်မောင်းသွားလာနေစဉ်တွင်ဖြစ်ပါက(စည်းကမ်း XX နှင့် XXI)တို့မပါရှိဘဲ York-Antwerp Rules ၁၉၇၄ ကို အသုံးပြုကိုးကားရမည်ဖြစ်ပြီး ထိုရည်ရွယ်ချက်အလို့ငှာ ခရီးစဉ်မှာ စတင်ထွက်ခွာသောဆိပ်ကမ်း သို့မဟုတ် ဒေသမှတောက်လျှောက်ခုတ်မောင်းပြီး ခိုလှုံရာဆိပ်ကမ်း သို့မဟုတ် ဒေသ (Port of  Place of Refuge) သို့မဟုတ် လောင်စာ (Bunkering) ဖြည့်တင်းရန်အတွက် ဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခု၌ ရပ်နားထားခြင်းများကို မထည့်သွင်းမစဉ်းစားဘဲ ဆက်လက်ခုတ်မောင်းရာတွင် ပထမဦးဆုံးရောက်ရှိသည့် အခြားဆိပ်ကမ်းတစ်ခုအထိဖြစ်သည်ဟု မှတ်ယူရမည်။ ထိုကဲ့သို့ သွားလာနေစဉ် ကြားရှိဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခုခုတွင် ရည်ရွယ်ထားသော ကုန်သွယ်မှု (Adventure)ကို စွန့်လွှတ် (Abandon)လိုက်လျှင် ခရီးစဉ်အဆုံးသတ်သွားဟု မှတ်ယူရမည်။

၁၁.၄ အာမခံထားရှိသော အန္တရာယ်တစ်ရပ်ကိုရှောင်ရှားရန် သို့မဟုတ် ရှောင်ရှားခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ဆုံးရှုံးမှုအတွက် မဟုတ်လျှင် မည်သည့်လျော်ကြေးကိုမျှ မည်သည့်အခြေအနေတွင်မဆို ဤစည်းမျဉ်း(၁၁)အရ ခွင့်ပြုမည်မဟုတ်ပါ။

၁၂။ **နှုတ်ဖြတ်ငွေ (Deductible)**

၁၂.၁ စည်းမျဉ်း (၈၊ ၁၁ နှင့် ၁၃) လျော်ကြေးများအပါအဝင် သီးခြားစီဖြစ်ပွားသော မတော်တဆဖြစ်မှု သို့မဟုတ် ဖြစ်စဉ်တစ်ခု (Occurrence)မှ ပေါ်ပေါက်လာသော လျော်ကြေးစုစုပေါင်းသည် ကျပ်/ဒေါ်လာ(---------------)ထက်မပိုမိုလျှင် အာမခံထားရှိသည့်အန္တရာယ်တစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော မည်သည့်လျော်ကြေးကိုမျှ ဤအာမခံအရ ပေးချေမည်မဟုတ်ပါ။ (ထိုငွေကိုနှုတ်ရမည်) မည်သို့ပင်ဖြစ်စေသောင်တင်ပြီးနောက် သင်္ဘောဝမ်းဗိုက်(Bottom)ကိုစစ်ဆေးခဲ့ရာတွင် စစ်ဆေးခမှာ ထိုရည်ရွယ်ချက်အတွက် လျော်ကန်သင့်မြတ်စွာကုန်ကျခဲ့ခြင်းဖြစ်လျှင် အပျက်အစီးကိုမတွေ့ရှိရစေကာမူ ထိုစစ်ဆေးခကို ပေးရမည်။ ဤစည်းမျဉ်း (၁၂.၁)သည် ရေယာဉ် အကယ်အစစ်လုံးဝဆုံးရှုံးခြင်း (Actual Total Loss) သို့မဟုတ် စီးပွားရေးအရ ဆုံးရှုံးခြင်း(Constructive Total Loss) လျော်ကြေးနှင့်လည်းကောင်း၊ ထိုကဲ့သို့ လျော်ကြေးတစ်ရပ်ပေါ်ပေါက်သည့်ကိစ္စတွင် တစ်ခုတည်းသောမတော်တဆဖြစ်မှု သို့မဟုတ် ဖြစ်စဉ်ကြောင့်စည်းမျဉ်း (၁၂)နှင့်အညီ ပူးပေါင်းပေါ်ပေါက်သောလျော်ကြေး (Associated Claim) နှင့်လည်းကောင်း မသက်ဆိုင်စေရ။

၁၂.၂ အစဉ်လိုက်တည်ရှိနေသော ဆိပ်ကမ်း(၂)ခုအတွင်း ပင်လယ်ခရီးစဉ်တစ်ခု၌ ပြင်းထန်သည့်ရာသီဥတုကြောင့်ဖြစ်ပွားသောအပျက်အစီးအတွက် လျော်ကြေးများမှာ တစ်ခုတည်းသောမတော်တဆမှုကြောင့်ဟု မှတ်ယူရမည်။ ဤအာမခံက အပြည့်အဝတာဝန်မရှိ၊ မသက်ဆိုင်သောအချိန်အတိုင်းအတာတစ်ခုအထိဆက်လက်ဖြစ်ပွားသည့်ပြင်းထန်သောရာသီဥတုကိစ္စတွင် ဤအာမခံအရ ရရှိနိုင်သည့်လျော်ကြေး

မှ နုတ်ဖြတ်ရမည့်နုတ်ဖြတ်ငွေမှာ တစ်ခုတည်းသောပင်လယ်ခရီးစဉ်၌ဖြစ်ပွားသည့် ပြင်းထန်သော ရာသီဥတု၏ ရက်အားလုံးနှင့် ဤအာမခံသက်တမ်းအတွင်းကျရောက်သည့် ရက်တို့၏အချိုးအတိုင်း ဖော်ပြနုတ်ဖြတ်ငွေပေါ် တွက်ချက်နုတ်ဖြတ်ရမည်။ ဤစည်းမျဉ်း (၁၂.၂) ပါ ပြင်းထန်သည့် ရာသီဥတု ဟူသောစကားရပ်တွင် ရေမြောရေခဲနှင့်ထိခိုက်မိခြင်းပါဝင်သည်ဟု မှတ်ယူရမည်။

၁၂.၃ အထက်ဖော်ပြပါ နုတ်ဖြတ်ငွေနုတ်ဖြတ်ထားသည့် မည်သည့်လျော်ကြေးအတွက်မဆို ပြန်လည်ရရှိသော အတိုးမပါဝင်သည့်ရရှိငွေများ (Recoveries)ကို ယင်းရရှိငွေများမပါဝင်သော လျော်ကြေးစုစုပေါင်းက နုတ်ဖြတ်ငွေထက်ပိုမိုလျှင် ပိုမိုသည့်တန်ဘိုးအထိ အာမခံကုမ္ပဏီက ရရှိရမည်။

၁၂.၄ ရရှိသောအတိုးများကိုထည့်ပေါင်းလျှင် အာမခံကုမ္ပဏီကရရှိသည့်ငွေများမှာ ပေးခဲ့သောလျော်ကြေးထက် ပိုမိုကောင်းပိုမိုနိုင်စေကာမူ ပြန်လည်ရရှိငွေများ၌ပါဝင်သည့်အတိုးများကို အာမခံကုမ္ပဏီက ပေးလျော်ခဲ့သောလျော်ကြေးများနှင့် ပေးခဲ့သည့်ရက်စွဲများပေါ်မူတည်၍ အာမခံထားသူနှင့် အာမခံကုမ္ပဏီတို့က မျှဝေခံစားရမည်။

၁၃။ **အာမခံထားသူ၏တာဝန်(စရိတ်စက) (Duty of Assured) (Sue and Labour)**

၁၃.၁ ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပွားသည့် သို့မဟုတ် ကံဆိုးမိုးမှောင်ကျသောအခါတွင် ဤအာမခံအရ ရရှိနိုင်သည့်လျော်ကြေးမပေါ်ပေါက် သို့မဟုတ် လျော့နည်းသွားစေရန်ရည်ရွယ်ချက်ဖြင့် လျော်ကန်သင့်မြတ်သောပြုလုပ်ဆောင်ရွက်မှုများကို ပြုလုပ်ဆောင်ရွက်ရန်မှာ အာမခံထားသူများ၊ သူ၏ဝန်ထမ်းများ(Servants)နှင့် ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်သည်။

၁၃.၂ စည်းမျဉ်း(၁၃)နှင့် အောက်ဖော်ပြပါပြဋ္ဌာန်းချက်များကို ကန့်သတ်ချက်ထား၍ ဖော်ပြပါ ပြုလုပ်ဆောင်ရွက်မှုများအတွက် အာမခံထားသူများ၊ သူ၏ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များက လျော်ကန်သင့်မြတ်စွာနှင့် မှန်မှန်ကန်ကန်ကုန်ကျခဲ့သည့်စရိတ်စကများကို အာမခံကုမ္ပဏီကလည်း ထည့်ဝင်ကျခံမည်။ General Average ဆယ်ယူခြင်း အခကြေးငွေ (စည်းမျဉ်း (၁၃.၅)၌ ပြဋ္ဌာန်းထားခြင်းနှင့် မသက်ဆိုင်ဘဲ) နှင့် တိုက်မိခြင်းအား ကာကွယ်ခြင်း သို့မဟုတ် တောင်းဆိုခြင်း (Collision defense or attach costs)စရိတ်စကများကို ဤစည်းမျဉ်း(၁၃) အရ မရရှိနိုင်ပါ။

၁၃.၃ ရေယာဉ်ကို ကယ်ဆယ်၊ ကာကွယ် သို့မဟုတ် ပြန်လည်ရရှိစေရန်ရည်ရွယ်ချက်ဖြင့် အာမခံထားသူများ သို့မဟုတ် အာမခံကုမ္ပဏီ၏ပြုလုပ်ဆောင်ရွက်မှုများအား စွန့်လွှတ်မှုကို ခွင့်ပြုခြင်း သို့မဟုတ် စွန့်လွှတ်မှုကိုလက်ခံခြင်း(Waiver of acceptance of abandonment)ဟု မမှတ်ယူရ သို့မဟုတ် ယင်းဆောင်ရွက်မှုများက တစ်ဦးဦး၏အခွင့်အရေးများကို မထိခိုက်စေ ရ။

၁၃.၄ ဤစည်းမျဉ်း(၁၃)နှင့်အညီ ကုန်ကျစရိတ်များရှိပါက ဤအာမခံအရ တာဝန်ရှိမှုသည် ရေယာဉ်၏အာမခံထားငွေနှင့် ဤတွင်ဖော်ပြထားသည့်ရေယာဉ်တန်ဖိုး သို့မဟုတ် အကယ်၍ Sound Value သည် ဖြစ်စဉ်ဖြစ်ပွားသောအချိန်၌ အထက်ဖော်ပြပါ တန်ဖိုးထက်ပိုမိုလျှင် Sound Value

တို့၏ ခြားနားခြင်းအချိုးအစားအရ ကျသင့်တန်ဖိုးထက် မပိုမိုစေရ။ အာမခံကုမ္ပဏီက လုံးဝဆုံးရှုံးမှု လျော်ကြေးတစ်ရပ်ကိုပေးလျော်မည်ဟု လက်ခံသဘောတူညီပြီးဖြစ်ကာ ဤအာမခံဖြင့် အာမခံထားရှိသောပစ္စည်းကို ကယ်ဆယ်ရရှိသည့်ကိစ္စတွင် အကယ်၍ စရိတ်စက (Expense of suing and laboring)က ကယ်ဆယ်ရရှိသောပစ္စည်း၏ တန်ဖိုးထက် မပိုမိုလျှင် ရှေ့ကဖော်ပြခဲ့သည့်ပြဋ္ဌာန်းချက်များကို လျစ်လျူရှုရမည်ဖြစ်ပြီး ထိုပြဋ္ဌာန်းချက်များ သည် ဖော်ပြပါတန်ဖိုးထက် ပိုမိုသောတန်ဖိုးနှင့်သာ သက်ဆိုင်စေရမည်။

၁၃.၅ ဤအာမခံအရ ရေယာဉ်လုံးဝဆုံးရှုံးမှုလျော်ကြေးကို သဘောတူလက်ခံပြီးဖြစ်ကာ ရေယာဉ်နှင့် အခြားပစ္စည်းများအား ကယ်ဆယ်ခြင်း သို့မဟုတ် ကယ်ဆယ်ရန်ကြိုးစားခြင်းကြောင့် လျော်ကန်သင့်မြတ်စွာ စရိတ်စကများကုန်ကျပြီး ပြန်လည်ရရှိငွေ(Proceeds)မရှိသည့် သို့မဟုတ် စရိတ်စကကပြန်လည်ရရှိငွေထက်ပိုမိုသောကိစ္စတွင် ရေယာဉ်အတွက် လျော်ကန် သင့်မြတ်စွာ ကုန်ကျခဲ့သည့်စရိတ်စကဟုမှတ်ယူကာ အချိုးကျစရိတ်စက သို့မဟုတ် ပြန်လည် ရရှိငွေထက်ပိုမိုသောအချိုးကျငွေကို ဤအာမခံက ကျခံရမည်။ သို့ရာတွင် စရိတ်စကကုန်ကျ စေသည့် ဖြစ်စဉ်ဖြစ်ပွားသောအချိန်၌ရှိသည့်တန်ဖိုး(sound value)ထက်လျော့နည်း၍ ရေယာဉ်ကိုအာမခံထားခဲ့လျှင် ဤစည်းမျဉ်းအရ ရရှိနိုင်သောတန်ဖိုးသည်လည်း ယင်းအာမခံ ထားငွေလျော့နည်းခြင်း (under-insurance)နှင့်အညီ အချိုးကျလျော့နည်းရမည်။

၁၃.၆ ဤစည်းမျဉ်း(၁၃)နှင့်အညီ ရရှိနိုင်သောငွေကြေးသည် ဤအာမခံအရရ ရှိနိုင်သည့် အခြား ဆုံးရှုံး မှုအပြင် အပိုရရှိခြင်း ဖြစ်ရမည်။ သို့ရာတွင် မည်သည့်အခြေအနေ၌ ရေယာဉ်အတွက် ထားရှိသည့် ဤအာမခံထားငွေထက် မပိုမိုစေရ။

## ၁၄။ အဟောင်းအတွက်အသစ် (New for Old)

အဟောင်းအစား အသစ်အစားထိုးခြင်းအတွက် လျော်ကြေးများတွင် နုတ်ဖြတ်ငွေမရှိစေရ။

## ၁၅။ ရေယာဉ်ဝမ်းဗိုက်ပြုပြင်ခြင်း (Bottom Treatment)

အာမခံထားရှိသောအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးသည့်ရေယာဉ်၏ ဝမ်းဗိုက်သံပြားများနှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သော ပြင်ဆင်ခ၏ အစိတ်အပိုင်းအဖြစ် အောက်ပါများကို ခွင့်ပြုရမည်ဖြစ်သော်လည်း သံပြားခြစ်ခြင်း(scraping)ကပ်နေသော သဲ၊ ကျောက် အပိုင်းအစများကို ဖောက်ခွဲ၊ ခွာထုတ်ခြင်း(gritblasting) နှင့် သို့မဟုတ် ရေယာဉ်ဝမ်းဗိုက်၏ အခြားမျက်နှာပြင်များအား ပြုပြင်ခြင်း သို့မဟုတ် ဆေးသုတ်ခြင်းတို့နှင့် စပ်လျဉ်း၍ မည်သည့်လျော်ကြေးကိုမျှ ခွင့်ပြုလိမ့်မည်မဟုတ်ပါ။

၁၅.၁ ရေယာဉ်ဝမ်းဗိုက်သံပြားအသစ်များမှ ကပ်နေသော သဲ၊ ကျောက် အပိုင်းအစများအား ကုန်းပေါ်တွင် ဖောက်ခွဲ၊ ခွာထုတ်ခြင်းနှင့် သို့မဟုတ် ယင်းသံပြားများ၏ အခြားမျက်နှာပြင် ပြင်ဆင်ခြင်း (preparation) နှင့် နေရာစွဲမြဲသောဆေးများကို ပွံ့ပိုးခြင်းနှင့် ယင်းသံပြားများ၌ ဆေးသုတ်ခြင်း

၁၅.၂ ဂဟေဆော်ခြင်းနှင့် သို့မဟုတ် ပြင်ဆင်ခြင်းလုပ်ငန်းအတွင်းပျက်စီး၍ အစားထိုး သို့မဟုတ် ပြန်ပြင်ဆင်ထားသော သံပြားများနှင့် အနီးဆုံးကပ်နေသည့်သံပြားများ သို့မဟုတ် butts များ လက်ရှိနေရာ၌ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ သံပြားများကို ချောအောင်ပြုလုပ်ရာ၌ ပျက်စီးသွားသောသံပြား ဧရိယာတို့မှ သဲ၊ ကျောက်အပိုင်းအစများအား ဖောက်ခွဲ၊ ခွာထုတ်ခြင်းနှင့် သို့မဟုတ် အခြားမျက်နှာပြင် ပြင်ဆင်ခြင်း

၁၅.၃ အထက်ပါစည်းမျဉ်း(၁၅.၁)နှင့် (၁၅.၂)တို့၌ ဖော်ပြထားသော ထိုသီးခြားနေရာများတွင် နေရာစွဲမြဲ၊ သံမစားသည့်ဆေးပွံ့ပိုးခြင်း သို့မဟုတ် ဆေးတစ်ထပ်သုတ်ခြင်း

## ၁၆။ လုပ်ခများနှင့် ထောက်ပံ့ငွေများ (Wages and Maintenance)

အာမခံကုမ္ပဏီတွင်တာဝန်ရှိသော အပျက်အစီးပြင်ဆင်ရန်သက်သက်အတွက် ဆိပ်ကမ်းတစ်ခုမှ နောက်တစ်ခုသို့ လိုအပ်၍ရွှေ့ပြောင်းခြင်း သို့မဟုတ် အလားတူပြင်ဆင်မှုများအတွက် စမ်းသပ်ခုတ်မောင်းသော ခရီးများနှင့် ရေယာဉ်ခုတ်မောင်းနေစဉ် အမှန်တကယ်ကုန်ကျခဲ့သည့်လုပ်ခများနှင့် ထောက်ပံ့ငွေများမှအပ ကပ္ပတိန်၊ အရာရှိများနှင့် သင်္ဘောသားများ သို့မဟုတ် ၎င်းတို့အနက်မှ အဖွဲ့ဝင်တစ်ဦးဦးအတွက်လုပ်ခများနှင့် ထောက်ပံ့ငွေများအား general average အတွက်မှလွဲ၍ လျော်ကြေးအဖြစ်ခွင့်ပြုမည် မဟုတ်ပါ။

## ၁၇။ ကိုယ်စားလှယ်ကော်မရှင် (Agency Commission)

သတင်းများနှင့် အထောက်အထားများရရှိဆောင်ရွက်ရန်အလို့ငှာ သုံးစွဲရသောအချိန်နှင့် အခက်အခဲများအတွက် အာမခံထားသူတို့ထောက်ပံ့ငွေ(remuneration)ပေးရန်အတွက်ဖြစ်စေ၊ ဖော်ပြပါဝန်ဆောင်မှုများ လုပ်ဆောင်ရန်အလို့ငှာ အာမခံထားသူက သို့မဟုတ် ၎င်းအတွက်ခန့်ထားသောမည်သည့်မန်နေဂျာ၊ ကိုယ်စားလှယ်၊ စီမံခန့်ခွဲသည့် သို့မဟုတ် ကိုယ်စားလှယ်ကုမ္ပဏီနှင့် အလားတူအဖွဲ့အစည်းလူပုဂ္ဂိုလ်များသို့မဆို ကော်မရှင် သို့မဟုတ် အခကြေးငွေများပေးရန်အတွက် မည်သည့်အခြေအနေတွင်မဆို မည်သည့်ငွေကိုမျှ ဤအာမခံက ခွင့်မပြုပါ။

## ၁၈။ မပြင်ဆင်ရသေးသည့် အပျက်အစီး (Unrepaired Damage)

၁၈.၁ မပြင်ဆင်ရသေးသည့် အပျက်အစီးတောင်းခံမှုများ(claims)အတွက် ပေးလျော်ရမည့်လျော်ကြေးပမာဏမှာ အဆိုပါမပြင်ဆင်ရသေးသောအပျက်အစီးကြောင့်ဖြစ်ပေါ်ခဲ့ပြီး လျော်ကန်သင့်မြတ်သည့် ပြင်ဆင်ခထက်မပိုမိုသော ဤအာမခံကုန်ဆုံးချိန် ရေယာဉ်၏ကာလပေါက်ဈေးအရ လျော်ကန်သင့်မြတ်သည့် လျော့သွားသောတန်ဖိုး(depreciation)ဖြစ်သည်။

၁၈.၂ ဤအာမခံသက်တမ်း သို့မဟုတ် ဆက်လက်တိုးမြှင့်သောသက်တမ်းအတွင်း (ဤအာမခံက တာဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) နောက်ထပ်လုံးဝဆုံးရှုံးမှုတစ်ရပ်ပေါ်ပေါက်လျှင် အာမခံကုမ္ပဏီသည် မပြင်ဆင်ရသေးသည့် အပျက်အစီးအတွက် တာဝန်ရှိမည်မဟုတ်ပါ။

၁၈.၃ အာမခံကုမ္ပဏီသည် ဤအာမခံသက်တမ်းကုန်ဆုံးချိန်တွင် မပြင်ဆင်ရသေးသည့်အပျက်အစီးအတွက် အာမခံတန်ဖိုးထက် ပိုမိုတာဝန်မရှိစေရ။

## ၁၉။ Constructive Total Loss

၁၉.၁ ရေယာဉ်အား constructive total loss ဖြစ်၊မဖြစ်သတ်မှတ်ရာတွင် အာမခံထားသည့်တန်ဖိုး(insured value)ကို ပြင်ဆင်ပြီးတန်ဖိုး(repaired value)ဟု မှတ်ယူရမည်ဖြစ်ပြီး ရေယာဉ် သို့မဟုတ် အပျက်အစီး(wreck)၏ ပျက်စီး(damaged) သို့မဟုတ် ထုခွဲ(break-up)တန်ဖိုးကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

၁၉.၂ ပြန်လည်ရရှိသည့် စရိတ်စကနှင့် သို့မဟုတ် ရေယာဉ်ပြင်ဆင်သော စရိတ်စကအပေါ်မူတည်၍ constructive total loss အဖြစ် လျော်ကြေးတောင်းခံသည့်ကိစ္စတွင် အကယ်၍ အဆိုပါစရိတ်စကသည် အာမခံထားသည့်တန်ဖိုးထက်မပိုမိုလျှင် ဤစည်းမျဉ်းအရ လျော်ကြေးမရှိနိုင်ပါ။ ဤဆုံးဖြတ်ချက်ကိုချမှတ်ရာတွင် တစ်ခုတည်းသောမတော်တဆထိခိုက်မှုနှင့် သက်ဆိုင်သည့်စရိတ်စက သို့မဟုတ် တစ်ခုတည်းသောမတော်တဆထိခိုက်မှုကြောင့် အဆင့်ဆင့်ပျက်ဆီးမှုများနှင့်သက်ဆိုင်သည့်စရိတ်စကကိုသာ ထည့်သွင်းစဉ်းစားရမည်။

## ၂၀။ နဝလီခစွန့်လွှတ်ခြင်း (Freight Waiver)

Actual Total သို့မဟုတ် Constructive Total Loss အဖြစ်အပျက်ကိစ္စတွင် အာမခံထားသူကစွန့်လွှတ်ကြောင်း အသိပေးခြင်း (notice of abandonment) ကို အာမခံကုမ္ပဏီသို့ ပေးပြီးဖြစ်စေ၊ မပေးရသေးဘဲဖြစ်စေ ကုမ္ပဏီက နဝလီခကိုမတောင်းဆိုရ။

## ၂၁။ ပေးချေမှုများဝရန်တီ (disbursements warranty)

၂၁.၁ အောက်ပါအတိုင်း အပိုအာမခံများကို ခွင့်ပြုသည် -

၂၁.၁.၁ **ပေးချေမှုများ၊ မန်နေဂျာများ၏ ကော်မရှင်များ၊ အမြတ်များ သို့မဟုတ် ရေယာဉ်ကိုယ်ထည်နှင် စက်ကိရိယာများ၏ အပို သို့မဟုတ် တိုးမြှင့်တန်ဖိုး။** ဤ၌ဖော်ပြထားသော တန်ဖိုး၏ (၂၅%) ထက် မပိုမိုသည့်ငွေတစ်ရပ်။

၂၁.၁.၂ **အချိန်ဖြင့် အာမခံထားရှိခြင်းအတွက် နဝလီခ၊ ငှားရမ်းနဝလီခ သို့မဟုတ် မျှော်မှန်းထားသည့် နဝလီခ။** စည်းမျဉ်း (၂၁.၁.၁)တွင် ဖော်ပြထားသည့် အာမခံထားသောငွေတစ်ရပ်ရပ်ကို နုတ်ထားပြီးဖြစ်သည့် ဤ၌ ဖော်ပြထားသောတန်ဖိုး၏ (၂၅%)ထက်မပိုသည့် ငွေတစ်ရပ်ရပ်။

၂၁.၁.၃ **ခရီးတစ်ခေါက် ပဋိညာဉ်များအရ နဝလီခ သို့မဟုတ် ငှားရမ်းခ။** လက်ရှိနှင့် နောက် ဆက်တိုက် ကုန်ပစ္စည်းသယ်ဆောင်သည့်ခရီး(၂)ခေါက်အတွက် အကြမ်းနဝလီခ သို့မဟုတ် ငှားရမ်းခထက် မပိုမိုသောငွေတစ်ရပ် (လိုအပ်လျှင် ထိုအာမခံတွင် အစနှင့်အလယ်၌ ကုန်မပါသည့်ခရီး တစ်ခေါက်စီနှင့် ပရီမီယံပါဝင်ရန်ဖြစ်သည်။) အချိန်ပေါ်မူတည်၍ ပရီမီယံပေးရသော ခရီးတစ်ခေါက် ငှားရမ်းမှုတွင် ညှိနှိုင်းချမှတ်ထားသည့် ကုန်ပစ္စည်းသယ်ဆောင်သော ခရီး(၂) ခေါက်အတွက် ကန့်သတ်ချက်များကိုမဆန့်ကျင်ဘဲ ခရီးတစ်ခေါက်ကြာမြင့်မည့်ခန့်မှန်းကာလ ပေါ်အခြေခံ၍ အာမခံအတွက်ခွင့်ပြုသည့်တန်ဖိုးကို တွက်ချက်ရမည်။ စည်းမျဉ်း (၂၁.၁.၂)နှင့် အညီထားရှိသည့် မည်သည့်အာမခံထားငွေကိုမဆို ထည့်သွင်းစဉ်းစားပြီး ယင်းထက်ပိုငွေကို သာ အာမခံထားရှိနိုင်ပြီး ယင်းပိုငွေကိုလည်း အကြမ်းနဝလီခ သို့မဟုတ် ငှားရမ်းခကို ကြိုတင် သို့မဟုတ် အပြီးရရှိသည်နှင့်အမျှ ယင်းအကြမ်းနဝလီခ သို့မဟုတ် ငှားရမ်းခနှင့်အညီ လျှော့ချ ရမည်။

၂၁.၁.၄ ကုန်မပါ၊ ငှားရမ်းခြင်းမရှိသေးမီ ရေယာဉ်ကိုမောင်းနှင်လျှင် ရရှိရန်မျှော်မှန်းထားသည့် နဝလီခ။ နောက်ကုန်ပစ္စည်းတင်ဆောင်သည့်ခရီးအတွက် မျှော်မှန်းထားသော အကြမ်းနဝလီခ ထက် မပိုသည့်ငွေတစ်ရပ်။ ထိုငွေကို အာမခံထားရှိချိန်ရှိ လက်ရှိနဝလီခနှုန်းနှင့် အာမခံ အတွက် အခကြေးငွေများအပေါ်မူတည်၍ လျော်ကန်သင့်မြတ်စွာ ခန့်မှန်းရမည်။ စည်းမျဉ်း (၂၁.၁.၂)နှင့် အညီထားရှိသော မည်သည့်အာမခံထားငွေကိုမဆို ထည့်သွင်းစဉ်းစားပြီး ပိုငွေကိုသာ အာမခံ ထားရမည်။

၂၁.၁.၅ **တစ်ခေါက်ပြီးတစ်ခေါက်ခရီးများအတွက် ငှားရမ်းခ သို့မဟုတ် အချိန်ပိုင်းငှားရမ်းခ။** (၁၈)လ ထက်မပိုသောကာလအတွင်း ရေယာဉ်ငှားရမ်းခြင်းအတွက်ရရှိမည့် အကြမ်းဌားရမ်းခ၏ (၅ဝ%)ထပ်မပိုမိုသည့်ငွေတစ်ရပ်။ စည်းမျဉ်း(၂၁.၁.၂)နှင့်အညီ အာမခံထားရှိသောမည်သည့် ငွေတန်ဖိုးကိုမဆိုထည့်သွင်းစဉ်းစားပြီး ပိုငွေကိုသာအာမခံထားရှိနိုင်သည်။ ယင်းပိုငွေမှာလည်း ငှားရမ်းခကြိုတင် သို့မဟုတ် အပြီးရရှိသည်နှင့်အမျှ အကြမ်းငှားရမ်းခ၏(၅ဝ%)နှင့်အညီ လျော့နည်းသွားရမည်။ သို့ရာတွင် (၂၁.၁.၂) နှင့် (၂၁.၁.၅) စည်းမျဉ်းတို့နှင့်အညီထားရှိသော အာမခံထားငွေစုစုပေါင်းသည် ငှားရမ်းခြင်းအတွက် ရရှိရန်ကျန်ရှိနေသေးသော အကြမ်း ငှားရမ်းခ၏ (၅ဝ%)ထက် ပိုမိုမနေလျှင် အာမခံထားငွေကိုလျှော့ချရန် မလိုအပ်ပါ။ ငှားရမ်းမှု ပဋိညာဉ်ကို လက်မှတ်ရေးထိုးချိန်တွင် ဤပုဒ်မနှင့်အညီ အာမခံတစ်ရပ်စတင်နိုင်သည်။

၂၁.၁.၆ **ပရီမီယံများ** လစဉ်အချိုးကျလျော့နည်းသွားသည့်(၁၂)လထက် မပိုမိုသောကာလအတွက် အာမခံထားရှိသည့်လိုအပ်ချက်အားလုံး၏ ကျသင့်ပရီမီယံများထက် မပိုမိုသောငွေတစ်ရပ်

(ရှေ့၌ဖော်ပြခဲ့သည့်ပုဒ်မများနှင့်အညီထားခဲ့သော ပရီမီယံများမပါဝင်။ သို့ရာတွင် လိုအပ်ပါက အသင်းတစ်ခုခု သို့မဟုတ် စစ်ပွဲစသည်အတွက် ပရီမီယံ သို့မဟုတ် ခန့်မှန်းခေါ်ယူ (calls) ငွေများ ပါဝင်သည်။)

၂၁.၁.၇ ပရီမီယံပြန်အမ်းခြင်းများ။ အာမခံထားရှိသည့်အန္တရာယ်များကြောင့်ဖြစ်စေ၊ ယင်းတို့ကြောင့် မဟုတ်ဘဲဖြစ်စေ ရေယာဉ်လုံးဝဆုံးရှုံးမှုဖြစ်လျှင် ပြန်လည်မရရှိနိုင်သောပရီမီယံမှအပ မည်သည့် အာမခံအတွက်ဖြစ်စေခွင့်ပြုနိုင်သော တိတိကျကျပရီမီယံပြန်အမ်းငွေများထက် မပိုမိုသည့် ငွေတစ်ရပ်။

၂၁.၁.၈ အောက်ပါများအတွက် တန်ဖိုးမကန့်သတ်သည့်အာမခံ။ အောက်ပါစည်းမျဉ်း ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့က ထုတ်ပယ်(exclude)အာမမခံသော မည်သည့်အန္တရာယ်များအတွက်မဆို အာမခံ တန်ဖိုးမကန့်သတ်ဘဲ အာမခံထားရှိနိုင်သည်။

၂၁.၂ ရှေ့၌ဖော်ပြခဲ့သော စည်းမျဉ်း(၂၁.၁.၁) မှ (၂၁.၁.၇)ထိပါ မန်နေဂျာ၊ ကော်မရှင်များ၊ အမြတ်များ၊ နဝလီခ၊ ငှားရမ်းခစသည့်များကို ယင်းစည်းမျဉ်းများ၌ ခွင့်ပြုထားသည့်တန်ဖိုးများထက်ပိုမို၍ အာမခံ မထားရှိရ။ ဤအာမခံသက်တမ်းအတွင်း တည်မြဲအကျိုးသက်ရောက်စေသော အာမခံထားသူများ၊ ပိုင်ရှင်များ သို့မဟုတ် အပေါင်ခံသူများက သို့မဟုတ် ၎င်းတို့အတွက် P.PI.F.I.A နှင့် ရေယာဉ်လုံးဝ ဆုံးရှုံးမှု သို့မဟုတ် အလားတူအခြားစည်းမျဉ်းများမပါဝင်သည့် အခြားအာမခံကိုမထားရှိရ သို့မဟုတ် ထားရှိရမည်မဟုတ်ပါ။ ဤဝရန်တီကို ဖောက်ဖျက်ခြင်းသည် ယင်းဖောက်ဖျက်ခြင်းကိုမသိရှိဘဲ ဤအာမခံကို လက်ခံထားရှိခဲ့သည့် အပေါင်ခံသူတစ်ဦး တောင်းဆိုသောလျော်ကြေးကို ငြင်းပယ်နိုင်ရန် အတွက် အာမခံကုမ္ပဏီသို့ ပံ့ပိုးသောအကာအကွယ် မည်သည့်အခါတွင်မျှ မဖြစ်စေရ။

၂၂။ **ရပ်နားခြင်းနှင့် ပယ်ဖျက်ခြင်းအတွက် ပြန်အမ်းငွေများ (returns for lay-up and cancellatin)**

၂၂.၁ အောက်ပါအတိုင်း ပြန်အမ်းရန်

၂၂.၁.၁ ဤအာမခံကို သဘောတူပယ်ဖျက်ခြင်းဖြင့်လျှင် မစတင်ရသေးသော တစ်လစီအတွက် လအလိုက် အချိုးကျအသားတင်

၂၂.၁.၂ အကယ်၍ အာမခံကုမ္ပဏီက ဖော်ပြပါဆိပ်ကမ်း သို့မဟုတ် ရပ်နားရေပြင်ယာကို (အောက်တွင် ခွင့်ပြုသည့် အထူးလုပ်ပိုင်ခွင့်များနှင့်အတူ)အတည်ပြုလျှင် ရေယာဉ်ကို ယင်းဆိပ်ကမ်း သို့မဟုတ် ရပ်နားရေပြင်ယာတစ်ခုတွင် ဆက်တိုက်ရက်(၃၀)ကာလတစ်ခုစီအတွက် ရပ်နားထား နိုင်သည်။

(က) % ပြင်ဆင်ခြင်းမပါဘဲ အသားတင်

(ခ) % ပြင်ဆင်လျက် အသားတင်

အကယ်၍ ရေယာဉ်အား ပြန်အမ်းငွေ တောင်းခံနိုင်သော ကာလတစ်ခု၏ အစိတ်အပိုင်းအတွက်သာ ပြင်ဆင်လျှင် ပြန်အမ်းငွေ (က)နှင့် (ခ) ၌ ကြာရှိသည့် ရက်များအတိုင်း အချိုးကျ အသီးသီး တွက်ချက်ရမည်။

၂၂.၂ ရေယာဉ်သည် ဤအာမခံက တာဝန်ယူသော အာမခံသက်တမ်း သို့မဟုတ် တိုးမြှင့်သက်တမ်းတစ်ခုခု

၂၂.၂.၁ အတွင်းအာမခံထားရှိသည့် အန္တရာယ်များကြောင့်ဖြစ်စေ၊ အခြားအန္တရာယ်များကြောင့်ဖြစ်စေ လုံးဝဆုံးရှုံးမှုပေါ်ပေါက်ပြီး မဖြစ်စေရ။

၂၂.၂.၂ ရေယာဉ်အား ဟာလာဟင်းလင်း(exposed)သို့မဟုတ် အကာအကွယ်မဲ့ရေထဲ သို့မဟုတ် အာမခံကုမ္ပဏီက အတည်မပြုသောဆိပ်ကမ်း သို့မဟုတ် ရပ်နားရေိယာတွင် ရပ်နားထားလျှင် ပြန်အမ်းငွေကို ခွင့်ပြုမည်မဟုတ်ပါ။ သို့ရာတွင် အကယ်၍အတည်မပြုသည့် ရပ်နားရေိယာမှာ အတည်ပြုသောဆိပ်ကမ်း သို့မဟုတ် ရပ်နားရေိယာ၏အနီးအနား(vicinity)၌ရှိသည်ဟု မှတ်ယူကြောင်း အာမခံကုမ္ပဏီက သဘောတူညီလျှင် ဆက်တိုက်ရက်ပေါင်း(၃၀)ပြည့်စေရန် အတွက် အတည်မပြုသောဧရိယာ၌ ရေယာဉ်ရပ်နားသောရက်များကို အတည်ပြုသည့် ဆိပ်ကမ်း သို့မဟုတ် ရပ်နားဧရိယာတွင် ရေယာဉ်အမှန်တကယ်ရပ်နားခဲ့သည့် ကာလအတွက် အချိုးကျအတိုင်း ပြန်အမ်းငွေကို ခွင့်ပြုရမည်ဖြစ်သည်။

၂၂.၂.၃ ကုန်တင်ခြင်း၊ ကုန်ချခြင်းလုပ်ငန်းများ သို့မဟုတ် ရေယာဉ်ပေါ်၌ ကုန်ရှိခြင်းကြောင့် ပြန်အမ်းငွေများ မရရှိနိုင်ဟု မဖြစ်စေရ။ သို့ရာတွင် ရေယာဉ်အားကုန်သိုလှောင်ရန် သို့မဟုတ် ကုန်သယ်ယူပို့ဆောင်ရေးရေယာဉ်ငယ်လုပ်ငန်း ရည်ရွယ်ချက်များအလို့ငှာ အသုံးပြုသော မည်သည့်ကာလအတွက်မဆို ပြန်အမ်းငွေကို ခွင့်ပြုမည်မဟုတ်ပါ။

၂၂.၂.၄ တစ်နှစ်အတွက် ပရီမီယံနှုန်းကို ပြင်ဆင်သည့်ကိစ္စတွင် အထက်ဖော်ပြပါ ပြန်အမ်းငွေနှုန်းများကိုလည်း လိုက်လျောညီထွေစွာ ညှိနှိုင်းရမည်။

၂၂.၂.၅ အာမခံထားသူတစ်ဦးတည်းအတွက် ထားရှိသောအဆင့်ဆင့်အာမခံများအတွင်းကျရောက်သည့် ဆက်တိုက်ရက်ပေါင်း(၃၀)ပေါ်အခြေခံကာ ဤစည်းမျဉ်း(၂၂)နှင့်အညီ ရရှိနိုင်သော မည်သည့်ပြန်အမ်းငွေကိစ္စတွင်မဆို ဤအာမခံအရ ပြန်အမ်းငွေတစ်ရပ် အမှန်တကယ်ရရှိထိုက်လျှင် ဤအာမခံနှင့်သက်ဆိုင်သည့်ရက်များအတွက် အထက်ပါစည်းမျဉ်း(၂၂.၁.၂(က)) နှင့် သို့မဟုတ် (ခ)၏ ကာလအချိုးကျနှုန်းအတိုင်း တွက်ချက်သည့်တန်ဖိုးအတွက်သာ ဤအာမခံက တာဝန်ရှိရမည်။ အာမခံထားသူ၏ ရွေးချယ်မှုနှင့်အညီ ဖော်ပြပါထပ်နေသည့် ကာလကို ရေတွက်ရာတွင် ရေယာဉ်အားရပ်နားသည့် ပထမရက်မှသော်လည်းကောင်း၊ အထက်ပါစည်းမျဉ်း(၂၂.၁.၂)(က) သို့မဟုတ် (ခ)က ပြဋ္ဌာန်းထားသည့်အတိုင်း ဆက်တိုက်ရက် (၃၀)၏ ပထမရက်မှသော်လည်းကောင်း စတင်ရမည်။

အောက်ဖော်ပြပါစည်းမျဉ်းများသည် ယင်းတို့နှင့်မကိုက်ညီ၊ မညီညွတ်သော ဤအာမခံ၌ပါရှိသည့် မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို လွှမ်းမိုးပယ်ဖျက်သည်။

**၂၃။ စစ်မပါဝင်ခြင်း (War Exclusion)**

အောက်ပါများကြောင့်ဖြစ်ပေါ်သည့်ဆုံးရှုံးမှု၊ ပျက်စီးမှု၊ တာဝန်ရှိမှု သို့မဟုတ် စရိတ်စကကုန်ကျမှုကို ဤအာမခံက တာဝန်မယူ၊ လျော်ကြေးမပေးပါ။

၂၃.၁ စစ်၊ ပြည်တွင်းစစ်၊ တော်လှန်ရေး၊ သူပုန်ထခြင်း၊ သောင်းကျန်းမှု သို့မဟုတ် ၎င်းတို့မှ စတင်ပေါ်ပေါက်သည့် ပြည်တွင်းဆူပူမှု (civil strife) သို့မဟုတ် ရန်ဘက်အင်အားစုအား မည်သည့်တိုက်ခိုက်ခြင်းမဆို

၂၃.၂ သိမ်းယူဖမ်းဆီးခြင်း(capture)၊ ကိုင်တွယ်ဖမ်းဆီးခြင်း(seizure)၊ ဖမ်းဆီးခြင်း(arrest)၊ ထိန်းချုပ်ခြင်း (restraint) သို့မဟုတ် ထိန်းသိမ်းခြင်း (detainment) (ရေယာဉ်ပိုင်ရှင်များ သို့မဟုတ် ၎ားရမ်းသူများ တိုက်ခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်ခြင်း(barratry)နှင့် ပင်လယ်ဓား ပြတိုက်ခြင်းမပါဝင်)နှင့် ယင်းတို့၏ အကျိုးဆက်များ သို့မဟုတ် ယင်းတို့ကို ဆောင်ရွက်ရန် ကြိုးစားမှုများ၏ အကျိုးဆက်များ

၂၃.၃ ပစ်ထားသော မိုင်းဗုံးများ၊ တော်ပီဒိုများ၊ ဗုံးများ သို့မဟုတ် ပစ်ထားသော အခြားစစ်လက်နက်များ

**၂၄။ သပိတ်များမပါဝင်ခြင်း (Strikes Exclusion)**

အောက်ပါများကြောင့်ဖြစ်ပေါ်သည့် ဆုံးရှုံးမှု၊ ပျက်စီးမှု၊ တာဝန်ရှိမှု သို့မဟုတ် စရိတ်စကကုန်ကျမှုကို ဤအာမခံက တာဝန်မယူ၊ လျော်ကြေးမပေးပါ -

၂၄.၁ သပိတ်မှောက်သူများ၊ စက်ရုံ/အလုပ်ရုံပိတ်ထား၍ ပြင်ပရောက်နေသည့် အလုပ်သမားများ၊ အလုပ်သမား၊ နှောက်ယှက်လှုပ်ရှားမှုများ၊ အဓိကရုဏ်းများ သို့မဟုတ် ပြည်တွင်းဆူပူမှုများ၌ ပါဝင်လှုပ်ရှားသောပုဂ္ဂိုလ်များ

၂၄.၂ မည်သည့်အကြမ်းဖက်သမားမဆို သို့မဟုတ် နိုင်ငံရေးဦးတည်ချက်တစ်ခုအတွက် လှုပ်ရှားနေသော မည်သူမဆို

**၂၅။ မလိုတမာဆောင်ရွက်မှုများမပါဝင်ခြင်း (Malicious acts Exclusion)**

အောက်ပါများကြောင့်လည်းကောင်း တစ်စုံတစ်ဦးက မလိုတမာစိတ်ဖြင့် သို့မဟုတ် နိုင်ငံရေးဦးတည်ချက်တစ်ခုအတွက်ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း ပေါ်ပေါက်စေသည့် ဆုံးရှုံးမှု၊ ပျက်စီးမှု၊ တာဝန်ရှိမှု သို့မဟုတ် စရိတ်စက ကုန်ကျမှုကို ဤအာမခံက တာဝန်မယူ၊ လျော်ကြေးမပေးပါ-

**၂၆။ အနုမြူမပါဝင်ခြင်း (Nuclear Exclusion)**

အနုမြူကွဲပြားခြင်းနှင့် သို့မဟုတ် အနုမြူစုစည်းခြင်း သို့မဟုတ် အလားတူအနုမြူဓာတ်ပြုခြင်း သို့မဟုတ် အလားတူ အနုမြူရေဒီယိုသတ္တိကြွသည့်အင်အား သို့မဟုတ် ပစ္စည်းကိုအသုံးပြုသော မည်သည့်စစ်လက်နက်ပစ္စည်းမှမဆို ပေါ်ပေါက်လာသောဆုံးရှုံးခြင်း၊ ပျက်စီးခြင်း၊ တာဝန်ရှိခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်းကို ဤအာမခံက တာဝန်မယူ၊ လျော်ကြေးမပေးပါ။